# ရှန်ဂရီလာ – နီပေါခရီးစဉ်ယဉ်ကျေးမှုဖလှယ်ရေးလှုပ်ရှားမှု ခတ္တမန္ဒူတွင်ကျင်းပ



လတ်တလောရက်ပိုင်းတွင် လှုပသော ယူနန် • ရှန်ဂရီလာ • နီပေါခရီးစဉ်ယဉ်ကျေးမှုဖလှယ်ရေးလှုပ်ရှားမှုကို နီပေါနိုင်ငံမြို့တော်ခတ္တမန္ဒူတွင် ကျင်းပခဲ့သည်။ နီပေါနိုင်ငံ သတင်းမီဒီယာလောက၊ စီးပွားရေးလောကမှ ကိုယ်စားလှယ်(၁၀၀)ကျော်တို့က တက်ရောက်ခဲ့သည်။

လှုပ်ရှားမှုမစတင်မီ နီပေါ ဒုဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီး ခလီရှိနာ • ပါဟာဒူးလ် • မာဟိုင်လာကယူနန်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံခဲ့သည်။

တီချင့်တိဘက်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ခွဲမှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များသည် ရှန်ဂရီလာစီးပွားရေး၊ ယဉ်ကျေးမှု၊ သဘာဝဂေဟနှင့်ခရီးသွားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဘက်စုံမိတ်ဆက် ရှင်းလင်းခဲ့သည်။ ဓာတ်ပုံဆရာ ယင်ရှောင်ကျွင့်သည် နီပေါလျှင်ကြီး (၂၀၁၅) မဖြစ်မီ ရိုက်ကူးထားသော ဓာတ်ပုံ (၉၀၀၀၀) ပုံကို HDရှုခင်းလုံးစုံဓာတ်ပုံ(၂၀၀)ပုံအဖြစ် ပြုလုပ်ပြီး နီပေါ-တရုတ်သတင်းမီဒီယာ ဖိုရမ်သို့လှူဒါန်းပေးခဲ့သည်။ ယင်းဓာတ်ပုံများသည် လျှင်မဖြစ်မီ နီပေါနိုင်ငံရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအပေါ် တိကျမှန်ကန်စွာ မှတ်တမ်းထားခြင်းဖြစ်ကြောင်း ၄င်းကပြောသည်။

နီပေါနိုင်ငံသတင်းမီဒီယာကော်မတီဥက္ကဋ္ဌပေါလ်နာ့ • ပဟာဒုလ် • ခါလ်ဂျီသည် ယင်းလှုပ်ရှားမှုအောင်မြင်စွာကျင်းပရေးအတွက် ထောပနာပြုကြောင်း ဖော်ပြခဲ့သည်။ ၄င်းက နီပေါ-တရုတ်နှစ်နိုင်ငံတို့၏ ဆက်ဆံရေးကောင်းမွန်လှကြောင်း၊ နီပေါပြည်သူပြည်သားများက တရုတ်နိုင်ငံမှ နီပေါလျှင်ကြီး (၂၀၁၅) အပေါ် ကယ်ဆယ်မှု၊ ကူညီထောက်ပံ့မှုများ ပေးခဲ့သည်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ နှီးနှော ဖလှယ်ခြင်းမှတစ်ဆင့် နီပေါ-တရုတ် ဆက်ဆံရေးမှာ ပိုမိုခိုင်မြဲနိုင်မည်ဟု ယုံကြည်မိပါကြောင်း ၄င်းက ပြောသည်။

သတင်းထောက် - လျူရမ့်ချင်

# ယူနန်၏ပညာရေး အင်တာနေရှင်နယ်ဖြစ်ရေး လုပ်ငန်းမှရရှိထားသောအောင်မြင်မှုများပေါ်ထွန်းလာ

ယခုနှစ်များအတွင်း ယူနန်သည် ပညာရေးအရ ပြည်ပတံခါးဖွင့်ရေးနှင့် အင်တာနေရှင်နယ်ဖြစ်ရေးလုပ်ငန်းစဉ်များကို အဆက်မပြတ် တွန်းအားပေးဖော်ဆောင်ခဲ့သည်။ ယူနန်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များသည် ပထဝီအနေအထားအားသာချက်နှင့် ဒေသန္တရထူးခြားချက်များကို အပြည့်အဝ ပေါင်းစပ်ထားပြီး "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"မဟာဗျူဟာဆိုင်ရာ မူဝါဒကောင်းကိုအမှီပြု၍ အိမ်နီးချင်းနိုင်ငံများမှ တက္ကသိုလ်ကောလိပ်များ၊ အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယခုအထိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး ကွန်ဖြူးရှပ်အင်စတီကျူနှင့် ကွန်ဖြူးရှပ်စာသင်ကျောင်း(၁၂)ကျောင်းကို လက်တွဲတည်ထောင်ခဲ့သည်။

ဆယ်နှစ်ကျော်ကြာ တိုးတက်ခြင်းအားဖြင့် ယူနန်တက္ကသိုလ်၊ ကူမင်းသိပ္ပံနှင့် အင်ဂျင်နီယာတက္ကသိုလ်၊ ယူနန်ဘဏ္ဍာရေးနှင့် စီးပွားရေးတက္ကသိုလ် အပါအဝင်ယူနန်ပြည်နယ်မှ တက္ကသိုလ်၊ ကောလိပ်များ၏ ပညာရေးအင်တာနေရှင်နယ်ဖြစ်ရေးလုပ်ငန်းစဉ်သည် အတိုင်းအတာအသင့်အတင့် ပြည့်စုံလာပြီဖြစ်သည်။ နိုင်ငံတကာအဆင့်မြင့်ဆရာ့အင်အားများခေါ်ယူ၍ ပူးပေါင်းကျောင်းဖွင့်သည့် တစ်ချိန်တည်း ဒီပလိုမာဘွဲ့ပညာရေး၊ မဟာဘွဲ့ပညာရေး၊ ဒေါက်တာဘွဲ့ပညာရေးစသည့် နိုင်ငံခြားသားပညာတော်သင်ပညာရေးစနစ်အဆင့်ဆင့်ကိုလည်းတည်ထောင်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်အထိ ယူနန်မှစာသင်ကျောင်းအဆင့်ဆင့်တို့သည် ယူနန်သို့ လာရောက်၍ ပညာသင်ယူရန် နိုင်ငံခြားသား ပညာတော်သင်ဦးရေ (၂၂၆၃၅)ဦးတို့ကို လက်ခံနိုင်ခဲ့သည်။ ၄င်းအနက် တက္ကသိုလ်၊ ကောလိပ်(၄၂)ကျောင်းသည် နိုင်ငံ(၈၈) နိုင်ငံမှ လာရောက်ကြသော ပညာတော်သင်ဦးရေ (၁၂၀၇၈) ဦး တို့ကို ခေါ်ယူနိုင်ခဲ့သည်။ ၂၀၁၄ခုနှစ်မှစ၍ ယူနန်မှ ထိုင်း၊ ဗီယက်နမ်၊ မြန်မာစသည့် အရှေ့တောင်အာရှနိုင်ငံများသို့ သွားရောက်ကြသည့် ပညာတော်သင်ဦးရေကလည်း တစ်နေ့ တစ်ခြားတိုးများလာနေသည်။

ယူနန်သည် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ရှေ့ဆောင်ရှေ့ရွက်ပြု၍ ပြည်ပနိုင်ငံတွင် ကျောင်းဖွင့်ရေးလုပ်ငန်းကို အရှိန်မြှင့်ဖော်ဆောင်နေဆဲဖြစ်သည်။ ယခုထက်တိုင် ယူနန်ပြည်နယ်၏ တရုတ်-နိုင်ငံခြားအကျိုးတူပူးပေါင်းကျောင်းဖွင့်ထားသော စီမံကိန်းများအနက် ဒီပလိုမာဘွဲ့အဆင့်နှင့်အထက် (၁၀)ရပ်ရှိခဲ့ပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ် မေလ ၁၅ ရက်နေ့က တရုတ်ဝန်ကြီးချုပ်လီခချန်းနှင့်အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့၏ မျက်မှောက်ရှေ့တွင် ယူနန်တိုင်းရင်းသားတက္ကသိုလ်နှင့် အိန္ဒိယယဉ်ကျေးမှုဆက်ဆံရေးကော်မတီတို့သည် ယူနန်တိုင်းရင်းသားတက္ကသိုလ်ယောဂကောလိပ်ကို အတူတကွ တည်ထောင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရန်နားလည်မှုစာချွန်လွှာကို ပေကျင်းမြို့တွင် ချုပ်ဆိုနိုင်ခဲ့သည်။ ယူနန်တိုင်းရင်းသားတက္ကသိုလ်၏"တရုတ်-အိန္ဒိယယောဂကောလိပ်"သည် အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံတွင်ဖွင့်လှစ်ထားသည့် ပထမခုမြောက်သော ယောဂကောလိပ်ဖြစ်လာတော့သည်။

ယူနန်သည် အသုံးနည်းဘာသာစကားမေဂျာများ တည်ဆောက်ရေး၏ အခြေခံပေါ်တွင် မူတည်၍ကမ္ဘာ့စုံနိုင်ငံတကာလူချွန်လူကောင်းများကို ကြိုးစားပမ်းစားလေ့ကျင့်မွေးထုတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်အထိ တစ်ပြည်နယ်လုံးရှိ တက္ကသိုလ်၊ ကောလိပ်(၄၃) ကျောင်းတို့တွင် အသုံးနည်းဘာသာစကားမေဂျာ (၆၂)မျိုးဖွင့်လှစ်ခဲ့သည်။ အသုံးနည်းဘာသာစကားသင်ယူကြသော တက္ကသိုလ်နေကျောင်းသားဦးရေမှာ ၈. ၁၉ သောင်းအထိ ရှိပေသည်။ ပုံနှိပ်ထုတ်ဝေပြီး၊ ရေးသားပြုစုဆဲ၊ ရေးသားပြုစုရန်အစီအစဉ်အဖြစ် ထည့်သွင်းထားသောအသုံးနည်းဘာသာစကားသင်ရိုးဖတ်စာအုပ်သည် အတွဲ (၃၀) နီးပါးရှိသည်။ ပြည်နယ်အတွင်း အသုံးနည်းဘာသာစကား (၂၅) မျိုး၏အနှစ်အဆီသင်ရိုးတည်ဆောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေဆဲဖြစ်သည်။ ထို့အတူ တက္ကသိုလ်၊ ကောလိပ်အသီးသီးတို့သည် "၁+၃"၊ "၃+၁"၊ "၂+၂"စသည့်လူချွန်လူကောင်းမွေးထုတ်ရေးစနစ်မှတစ်ဆင့် ဘာသာစကားမေဂျာမှ ကျောင်းသားကျောင်းသူများအား တစ်ဖက်နိုင်ငံတို့သို့ ပို့ဆောင်သွားပြီး ကျောင်းသားများ၏နိုင်ငံတကာမြင်ကွင်းဖွင့်စေပြီး ၄င်းတို့၏ဘာသာစကားလက်တွေ့အသုံးချနိုင်စွမ်းကိုလည်း မြှင့်တင်စေမည်ဖြစ်သည်။

သတင်းထောက် - လီဆားချင်



# ကူမင်းမြို့သူမြို့သားများဇင်ရော်အစာကျွေးခြင်းသည် ကောင်းမြတ်သောအမူအကျင့်ဖြစ်လာ

ပြီးခဲ့သည့်နှစ်ပေါင်း(၃၀)အတွင်း ကူမင်းမြို့သူမြို့သားတို့က နှုတ်သီးနီဇင်ရော်များနှင့် လေးနက်စွာမေတ္တာထားခဲ့သည်။ နှစ်စဉ်ဆောင်းရာသီကျတိုင်း နှုတ်သီးနီဇင်ရော်များ၏ အလာကိုစောင့်မျှော်ခြင်းသည် ကူမင်းမြို့သူမြို့သားများ၏ စိတ်ဆန္ဒဖြစ်သည်။ ဇင်ရော်ကာကွယ်ခြင်း၊ အစာကျွေးခြင်းသည်လည်း ကူမင်းမြို့သူမြို့သားများ၏ တာဝန် ဝတ္တရားတစ်ရပ်ဖြစ်ပေသည်။ ပွဲတော်နေ့၊ ရုံးပိတ်ရက်များတွင် တက္ကသိုလ်ကျောင်းသားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက ဇင်ရော်များ စုဝေးရာနေရာတွင် နှုတ်သီးနီဇင်ရော်များကို ချစ်ခင်ယုယပြုစုစောင့်ရှောက်ရန်၊ လူသားနှင့် ဇင်ရော်အကြား သဟဇာတရှိရှိနေထိုင်သောပတ်ဝန်းကျင်ဖန်တီးပေးရန်၊ ဂေဟယဉ်ကျေးမှုတည်ထောင်ရန် စသည့်ဝါဒဖြန့်လှုပ်ရှားမှုများ ကျင်းပလေ့ရှိသည်။ အပေါ်ပုံသည် တျန်းချီကန်၏ချောက်ဟိုင်ရေပြင်တွင် လူသားနှင့် ဇင်ရော်များပျော်ပါးနေကြသည်ကို တွေ့ရသည်။



ဓာတ်ပုံ - သတင်းထောက် ကျန်ထုံ